# မင်းသွေးသစ္စာ



အလင်းတောင်ကြား

လူအချို့ဟာ အားနည်းချက်တစ်ခုကြောင့် ပဲ

လူ့လောကကြီးနဲ့ ကင်းလွတ်ပြီး လူ့ပတ်ဝန်းကျင်မှာ ဝင်ဆန့်ခွင့်မရှိတဲ့

သနားကရုဏာသက်စရာ၊ အပယ်ခံလူသားတွေအဖြစ် နေရာအနှံ့မှ ရှိနေပါတယ်။

သူတို့ ဟာ…

ပျော်ရွှင်မှုတွေ ဖျောက်ဖျက်ခံထားရတယ်၊ သူတို့ ရဲ့ လွတ်လပ်မှုတွေနဲ့ အတူ အကျဉ်းကျနေတယ်၊ ကိုယ့်ရဲ့ ရင်ခုန်သံကိုတောင် စိုးထိတ်နေတတ်တယ်၊

လူတိုင်းမှာ ရှိတဲ့ မျှော်လင့်ချက်ဆိုတဲ့ စကားလုံးပျောက်ဆုံးနေတယ်၊ တစ်သက်စာ ရှုံးနိမ့်မှုတွေကို ထပ်ကာတလဲလဲ ပွေ့ဖက်ထားရတယ်။

ဒါကြောင့် သူတို့ ရဲ့ ကမ္ဘာငယ်ဟာ အမိုက်မှောင်မဲ့နေရရှာတယ်…

တစ်နေ့သ၌ ကန္တာရဆူးပင်ငယ်များ ၊ ထနောင်းပင်ပုကလေးများ သာပေါက်သော ကွင်းထီးထီးကြီးတွင် အဝေးမှ မှုန်ပျပျအစက်ကလေးနှစ်စက်သည် ဖြည်းညင်းစွာ ရွေ့လျားလာနေ၏။ ထိုနေရာသည် အညာဒေသကြီး နှစ်ရွာကြားတွင် တည်နေသော ကွင်းပြင်ကျယ်တစ်ခု ဖြစ်၏။

တစ်နည်းအားဖြင့် မြေအနိမ့်အမြင့် မညီညာသော ကန္တာရငယ်ကလေးသာ ဖြစ်၏။

နေကချစ်ချစ်တောက် ပူပြင်းလှ၏။

ထို့ကြောင့် သဲဆန်သောမြေသားကို အိုးကင်းပူတိုက်ထားသလို ရှိလေ၏။

သေးငယ်သော အစက်ကလေးနှစ်စက်သည် တဖြည်းဖြည်းနီးလာရာ ပိန်လှီလှသော အဘွား အိုတစ်ဦးနှင့် အသက်(၁၂)နှစ်အရွယ် မြေးမလေးတစ်ဦး ဖြစ်နေ၏။

အဘွားအိုသည် တောင်ဝှေးတစ်ချောင်းကို အားပြုလျက် ကျန်လက်တစ်ဖက်မှ ပေါက်ပြဲ နေသည့် ထီးတစ်ချောင်းကို ကိုင်ဆောင်ထား၏။

၎င်းတို့ သည် စူးရှလှသည့် အပူရှိန်မြားအစင်း ထောင်သောင်းကို ထီးစုတ်ကလေးတစ်လက် ဖြင့် ကာကွယ်ကာ တရွေ့ရွေ့လှမ်း လာလေ၏။

ဤသို့ဖြင့် ခရီးတစ်ဝက်ရှိ ထနောင်းပင်ရိပ်တွင် တစ်ထောက်နားကာ အမောဖြေကြ၏။

ထနောင်းပင်ရိပ်ဟု ဆိုသော်လည်း အရွက်အခက်များ ညှိုးရော်ကျဲပါးနေသော မည်ကာမတ္တ အရိပ်မျှသာ ဖြစ်၏။

အဘွားအိုသည် ခေါင်းပေါင်းချည်တဘက်ကို ယူကာ အပူသက်သာ၍ လေရစေရန် ယမ်းခါ လေ၏။ မြေးမလေးလည်း ထိုအတိုင်းပင် ဝါးဖတ်ခမောက်ကိုချွတ်၍ ယပ်ခပ်လေ၏။

ပြီးနောက် မြေးမလေးသည် လွယ်အိတ်အဟောင်းထဲမှ ဆိတ်သားရေဖြင့် ပြုလုပ်ထားသော ရေအိတ်ကိုယူကာ အဘွားအိုထံ ကမ်းလေ၏။

၎င်းတို့ နှစ်ဦး သားရေအိတ်ကိုကြည့်၍ မျက်လုံးချင်းဆုံသွားကြ၏။ ထိုအခါ မြေးမလေးက မျက်နှာပေါ်ရှိ ဖုန်သဲများ နှင့် ညစ်ပေနေသည့်

ချွေးစီးကြောင်းများကို ရှင်မီးအင်္ကျီစဖြင့် အသာအယာ သုတ်လိုက်ပြီး ...

"အဘွား ရေသောက် လိုက်လေ၊ ရှင်ညိုက ခုနကလမ်းမှာ သောက်ခဲ့သေးတယ်၊ အကုန်သာ သောက်လိုက်ပါ အဘွားရယ် ရှင်ညိုက ရေငတ်ပြေနေပါပြီ"

ဟု ဆိုကာ ရေအိတ်ကို အဘွားအိုလက်ထဲသို့ ထည့်လေ၏။

ရှင်ညိုသည် ထိုသို့ပြောပြီးနောက် အကြည့်ကို တစ်နေရာသို့ လွှဲဖယ်ကာ ခြောက်သွေ့ကွဲအက် နေသော လည်ချောင်းထဲသို့ တံတွေးကို မသိမသာ မျိုချလေ၏။

အချိန်တွင် မူ ၎င်းသည် လမ်းခရီးတစ်လျှောက် ရေအနည်းငယ်သာ သောက်၍ အဘွားအိုကို ဦးစားပေးကာ သောက်စေခဲ့လေ၏။

အဘွားအိုမှာ ထိုအဖြစ်ကို ရိပ်မိဟန်ရှိကာ သက်ပြင်းချလိုက်ပြီး ...

"ကဲပါ..မြေးလေးရယ် အဘွားတို့ တစ်ယောက်တစ်ဝက်စီ သောက်ကြတာပေါ့" ဟု ဆိုလိုက် လေ၏။

ပြီးလျှင် ရှင်ညိုတို့ မြေးအဘွားသည် ရေကို တစ်ယောက်တစ်ဝက် သောက်လိုက်ကြ၏။

ပြီးနောက် တံလျှပ်တရိပ်ရိပ်နှင့် အငွေ့ထ၍ လောင်ကျွမ်းနေသည်ဟု ထင်ရသည့် သဲမြေပေါ် တွင် လှမ်းရင်း ခရီးဆက်ကြ၏။

၎င်းတို့ သည် ခရီးတွင် အကြိမ်ပေါင်းများ စွာ နားလေ၏။ ထို့နောက် အကြိမ်ပေါင်းများ စွာ အားတင်း၍ ခရီးဆက်ရ၏။

တစ်ခါတစ်ရံ လေပွေနှင့် အတူပါလာသည့် ဖုန်မှုန့်၊ သဲမှုန့်များက မြေးအဘွားနှစ်ဦးကို လွှမ်း ခြုံသွားတတ်၏။ တစ်နေရာသို့ အရောက်တွ

င် ရှင်ညိုက

"အဘွားရယ် အားတင်းပြီး လျှောက်လိုက်ပါဦး။ ဟိုးရှေ့မှာ သစ်ပင်စိမ်းစိမ်းကြီးတွေနဲ့ အနောက်ရွာကြီးကို အတိုင်းသားမြင်နေရပါပြီ"

ဟု အားပေးလေ၏။

ထိုသို့ အားပေးလိုက်သော်လည်း ရှင်ညိုကိုယ်တိုင် အားအင်ကုန်ခန်း၍ မျက်လုံးများ ပြာဝေ နေရှာ၏။

အဘွားအိုသည် လမ်းလျှောက်နေသည် နှင့် မတူလှဘဲ ပိန်လှီလှသည့် အရိုးစုကြီးကို ခြေထောက်က မနိုင်ဝန်ထမ်းထားရသောကြောင့် ဖြည်းလေးစွာ တရွတ်တိုက်လာသလိုရှိ၏။

နောက်ဆုံးတွင် အဘွားအိုသည် အနောက်ရွာကြီးနှင့် မလှမ်းမကမ်း အရောက်တွင် ဒူးညွတ်၍ လဲပြိုသွား၏။

ရှင်ညိုက အဘွားအိုကို ကပျာကယာထွေးပွေ့လိုက်ပြီး ဆိတ်ရေအိတ်ကလေးကို ထုတ်လေ၏။

ထိုအထဲတွင် ၎င်းသောက်ချင်ဟန်ပြု၍ ချန်ထားသော ရေတစ်ပေါက်နှစ်ပေါက် ကျန်သေးသည် မဟုတ်ပါလား။

ရှင်ညိုက အဘွားအို၏ ခပ်ဟဟ ပွင့်နေသော နှုတ်ခမ်းပေါ်သို့ ရေစက်ရေပေါက်ကလေးများ တင်ပေးလေ၏။

အဘွားအိုက နှုတ်ခမ်းလှုပ်ရုံသာလှုပ်၍ စကားပြောဆိုရန် အားယူလေ၏။

သို့သော် မပီမသနှင့် တိုးညင်းသော လေသံသဲ့သဲ့ကလေးသာ ထွက်လာ၏။

သူမ၏ အရိုးအပြိုင်းပြိုင်းရှိနေသော လက်နှင့် အင်္ကျီအိတ်ထဲရှိ တစ်စုံတစ်ရာကို စမ်းသပ် နှိုက်ယူလေ၏။

အဘွားအို၏ လက်ထဲတွင် လက်တစ်ဝါးသာသာရှိ ကျောက်ကာယွန်းဘူးပြားကလေး ပါလာ ၏။

အဘွားအိုက ထိုအရာကို ရှင်ညိုထံသို့ လှမ်းပေးလေရာ လက်သည် လမ်းတစ်ဝက်တွင် ရပ်တန့်သွား၏။

လက်ထဲမှ ယွန်းဘူးကလေးက သဲမြေပေါ်သို့လိမ့်ဆင်းသွား၏။ အဘွားအို၏ လက်သည် လည်း ရှင်ညို၏ ပေါင်ပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျလာ၏။

ရှင်ညိုသည် အဘွားအိုကို တိုးညင်းစွာ အကြိမ်ကြိမ်ခေါ်လေ၏။

နောက်ဆုံးတွင် ရှင်ညိုသည် အဘွားအို၏ အသက်ဝိညာဉ်ကင်းမဲ့နေခြင်းကို သိရှိသွားလေ၏။

သူမသည် အံကိုတင်းတင်းကြိတ်ထား၏။ ယွန်းဘူးကလေးက မြေတွင် ဟင်းလင်းပွင့်လျက် ရှိ၏။

ထိုအထဲတွင် အပြည့်ထည့်ထားသော အရောင်တလက်လက်နှင့် ရွှေဒင်္ဂါးပြားလေးများက သဲ မွမွပေါ်တွင် ပြန့်ကျဲနေလေတော့၏။

ထိုအခိုက် အဝေးဆီမှ ဖုန်လုံးကြီးတစ်ခုက အလျင်အမြန်ရွေ့လျားလာနေ၏။ လူတစ်စုသည် မြင်းကိုယ်စီဖြင့် အပြင်းနှင်လာခြင်း ဖြစ်၏။

မြင်းစီးသမားများ သည် ရှင်ညိုတို့ အနီးသို့ရောက်လျှင် ဇက်သတ်လိုက်ကာ သူမတို့ မြေး အဘွားကိုလည်းကောင်း မြေတွင် ပြန့်ကျဲနေသော ရွှေဒင်္ဂါးများကိုလည်းကောင်း တအံ့တသြကြည့်ရှု လေ၏။

ရှင်ညိုသည် ထိုသူများကို အမှုမထားမိဟန်ဖြင့် အဘွားအို၏ မျက်နှာကိုသာ တွေတွေကလေး ကြည့်နေလေ၏။

မြင်းစီးသမားထဲမှ တစ်ယောက်က သူ၏ မြက်ဦးထုပ်ကြီးကို နောက်သို့လှန်ချလိုက်ပြီး ကျန် လူနှစ်ဦးကို ...

"ဟော့ . . ဒုက္ခသည် တွေထင်တယ် . . အဘွားကြီးကတော့ လူ့လောကကို မျက်ကွယ်ပြုသွား တဲ့ ပုံပဲ မလှုပ်မယှက်နဲ့ "

ဟု ပြောလေ၏။

ကျန်တစ်ဦးက ရွှေဒင်္ဂါးများကို လက်ညှိုးညွှန်ပြ၍

"ဘာပဲဖြစ်ဖြစ် စားရက်ကြုံတော့ ရတနာပုံနဲ့ တည့်တည့်လာတိုးတော့တာပဲ၊ ဒီမြေးအဘွားပုံ စံနဲ့ ဒါတွေဟာ ကိုယ်ပိုင်ပစ္စည်းတွေ မဖြစ်နိုင်ဘူး . . ခိုးဝှက်လာတာပဲ ဖြစ်ရမယ်"

ဟု ပြော လိုက်လေရာ ကျန်တစ်ဦးက ခေါင်းညိတ်ပြီး

"ဟုတ်တယ် . . ဒါတွေဟာ တို့ အတွက်ပဲ ဖြစ်ရမှာ ပေါ့"

ဟု ပြောဆိုလျက် မြင်းပေါ်မှ လွှားခနဲဆင်းကာ ရွှေဒင်္ဂါးများကို သိမ်းကျုံး၍ ကောက်ယူလေ တော့၏။ ရှင်ညိုသည် အဘွားအိုနည်းတူ မလှုပ်မယှက်သာ ရှိနေ၏။

ရွှေဒင်္ဂါးများ ကောက်ယူသွားသူက ရှင်ညိုကိုကြည့်ပြီး အလန့်တကြားဟန်ဖြင့် နောက်သို့ တစ်လှမ်းမျှဆုတ်လိုက်ကာ

"ဟာ . . ဒီကလေးမ မျက်လုံးက ငါတို့ ကိုကြည့်နေတာ မီးထွက်မတတ်ပဲဟော့ . . ကြောက် စရာကြီးပါလား။ ဟား . . ဟား . . ဟား။ ကြာရင် ငါတို့ တစ်တွေ ပြာဖြစ်သွားလိမ့်မယ် သွားကြမယ် ဟော့"

ဟု အော်ဟစ်လှောင်ပြောင်၍ မြင်းပေါ်သို့ခုန်တက်လေ၏။ ပြီးလျှင် ထိုလူစုသည် တဟား ဟား အော်ဟစ် ရယ်မောကာ မြင်းများကို အပြင်းနှင်၍ ထွက်ခွာသွားကြ၏။

ရှင်ညိုသည် ထိုသူများ ၏ အပြုအမူကို ဟန့်တားခြင်းမပြုခဲ့ပေ။ အဘွားအိုကိုသာ ကြည့်လိုက် ပြီး

"အဘွားရယ် . . အဘွား ခဏခဏပြောခဲ့ဖူးတဲ့ လူ့ဘဝကြီးဟာ ရှုပ်ထွေးပွေလီတယ်၊ လူတွေ ဟာ အားနည်းသူကို အနိုင်ကျင့်တတ်၊ ရက်စက်တတ်ကြတယ်ဆိုတာတွေကို ရှင်ညို သဘောပေါက် ပါပြီ၊ အခုလို ဒုက္ခရောက်နေတာတောင်မှ အကူအညီမပေးကြဘဲ အနိုင်ကျင့်ပြီး ပစ္စည်းတွေလုယက် သွားကြသေးတယ် လူ့ဘဝဆိုတာ ဒါပဲလား"

ဟု တီးတိုးရေရွတ်၍ အင့်ခနဲငိုရှိုက် လိုက်လေ၏။

ရှင်ညိုသည် အတန်ကြာမျှ အားရအောင်ငိုကြွေးပြီးနောက် မျက်ရည်စကို သုတ်လိုက်ကာ . . .

"အဘွားပြောခဲ့ဖူးတာပဲ ဘယ်တော့မှ မငိုကြွေးနဲ့ တဲ့ ၊ ငိုကြွေးခြင်းဟာ စိတ်ဓာတ်ကို ပျော့ညံ့ စေတယ်တဲ့ . . စိတ်ဓာတ်ပျော့ညံ့သူဟာ လူ့လောကမှာ နေစရာမရှိဘူးတဲ့ ၊ ဟုတ်တယ် ငါစိတ်ဓာတ် ပျော့ညံ့လို့ မဖြစ်ဘူး"

ဟု အားတင်း လိုက်လေ၏။

ထို့နောက် ရှင်ညိုသည် သဲပြင်ထဲတွင် တစ်ဝက်တစ်ပျက်နစ်မြုပ်နေသော ရွှေဒင်္ဂါးပြား ကလေးတစ်ပြားကို တွေ့ရသောကြောင့် ကောက်ယူလိုက်ပြီး

"ကံကောင်းလို့ ပေါ့ . . ဟိုလူတွေ ဒီရွှေဒင်္ဂါးလေးကို မမြင်ဘဲ ကျန်ရ

စ်ခဲ့တယ်၊ အဘွားကို မြေ ချဖို့ စိတ်အေးရပြီ"

ဟု ရေရွတ်လိုက်၏။

ပြီးလျှင် ခပ်လှမ်းလှမ်းရှိ အနောက်ရွာကြီးသို့ ထွက် လာလေ၏။

သူမ၏ အဘွားကို မြေချသင်္ဂြိုဟ်ရန် ရွာသားများကို အကူအညီတောင်းရမည် မဟုတ်ပါလား။

ဤသည် ပင်လျှင် ရှင်ညိုဟူသော မိန်းကလေးတစ်ဦး၏ ခိုကိုးရာမဲ့သော ဘဝအစပင် ဖြစ်လေ တော့၏။

***